## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် [illegible] /၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် [illegible] ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ [illegible] ရက်)

### နိဒါန်း

မွန်ပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့်အညီ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်း အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာ တည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ ကာလအတွက် မွန်ပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုဆိုသည်။

(ခ) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်နယ်အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် ကဏ္ဍအလိုက်၊ လုပ်ငန်းအစီအစဉ်များကို ဆိုသည်။ ဒေသန္တရစီမံကိန်း၌ ကဏ္ဍအလိုက်၊ ဌာနအလိုက် ရေးဆွဲဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ဂ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း မွန်ပြည်နယ်၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ဌာနအလိုက်ဖြစ်စေ၊ မြို့နယ်အလိုက်ဖြစ်စေ၊ ကဏ္ဍအလိုက် မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များကို ဆိုသည်။

(ဃ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလဖြစ်သည်။

(င) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(စ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဇ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၁.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၂၁.၂ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၉.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၂) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၆.၄ ရာခိုင်နှုန်းမှ ၂၅.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၂.၈ ရာခိုင်နှုန်းမှ ၃၂.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၀.၈ ရာခိုင်နှုန်းမှ ၄၁.၄ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(ဃ) မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်နယ်ဘတ်ဂျက်ဖြင့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ကျပ် ၈၈,၃၅၀.၃၂၃ သန်းအား ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန်။

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၄၁၇,၉၂၉မှ ကျပ် ၂,၆၅၅,၆၃၁ သို့ဖြစ်ပေါ်လာရန်။

## အခန်း (၃)

## အထွေထွေ

၅။ စီမံကိန်းရည်မှန်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက ကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၆။ ပြည်နယ်အစိုးရအဖွဲ့သည် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်၊ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်၊

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဦးစားပေး အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသည့် စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း အစိုးရအဖွဲ့ အဆင့်ဆင့်က စိစစ် တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ် တို့နှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစဉ်အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထား ဆောင်ရွက်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၂။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် မပါဝင်သော်လည်း အခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ၍ ဆောင်ရွက်ရမည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၅။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို

ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ မွန်ပြည်နယ်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်း စိစစ်အတည်ပြုထားသည့် ဗျူဟာမြောက် စီမံကိန်းများကို ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

လျှို့ဝှက်



# မွန်ပြည်နယ်၏
# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
# ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်စျေးနှုန်းအရ )

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ( နှစ်ကုန်ခန့်မှန်းခြေ ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁,၀၀၇,၁၉၂.၉ | ၂၇.၀ | ၀.၀ | ၁,၀၁၉,၇၂၆.၅ | ၂၆.၂ | ၁.၂ |
| | ၁ | လယ်ယာ | ၇၅၈,၁၁၅.၂ | ၂၀.၃ | -၀.၁ | ၇၆၈,၅၀၂.၈ | ၁၉.၈ | ၁.၄ |
| | ၂ | သားငါး | ၂၄၇,၃၅၂.၂ | ၆.၆ | ၀.၅ | ၂၄၉,၈၆၄.၀ | ၆.၄ | ၁.၀ |
| | ၃ | သစ်တော | ၁,၇၂၅.၅ | ၀.၁ | -၉.၄ | ၁,၃၅၉.၇ | ၀.၀၃ | -၂၁.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁,၁၂၅,၉၆၅.၄ | ၃၀.၂ | ၀.၅ | ၁,၁၇၉,၅၉၈.၃ | ၃၀.၄ | ၄.၈ |
| | ၁ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၄,၂၁၉.၃ | ၀.၄ | -၂.၉ | ၁၅,၀၇၉.၀ | ၀.၄ | ၆.၀ |
| | ၂ | စက်မှုလက်မှု | ၆၆၇,၅၆၃.၆ | ၁၇.၉ | ၇.၂ | ၇၀၀,၂၇၀.၇ | ၁၈.၀ | ၄.၉ |
| | ၃ | လျှပ်စစ်ဓာတ်အား | ၃၈,၆၆၇.၃ | ၁.၀ | ၀.၅ | ၄၃,၂၁၂.၆ | ၁.၁ | ၁၁.၈ |
| | ၄ | ဆောက်လုပ်မှု | ၄၀၅,၅၁၅.၂ | ၁၀.၉ | -၈.၇ | ၄၂၁,၀၃၆.၀ | ၁၀.၉ | ၃.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁,၆၀၀,၀၅၁.၉ | ၄၂.၈ | ၂.၃ | ၁,၆၈၆,၂၄၁.၅ | ၄၃.၄ | ၅.၄ |
| | ၁ | ပို့ဆောင်ရေး | ၆၁၂,၈၃၅.၀ | ၁၆.၄ | ၂.၆ | ၆၅၂,၆၆၉.၃ | ၁၆.၈ | ၆.၅ |
| | ၂ | ဆက်သွယ်ရေး | ၁၂၅,၅၈၈.၇ | ၃.၄ | ၀.၄ | ၁၂၈,၂၃၆.၉ | ၃.၃ | ၂.၁ |
| | ၃ | ငွေရေးကြေးရေး | ၉,၄၅၈.၃ | ၀.၂ | ၃.၃ | ၁၀,၃၇၂.၆ | ၀.၃ | ၉.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၈,၁၇၃.၅ | ၁.၃ | ၁.၀ | ၄၈,၇၁၄.၆ | ၁.၃ | ၁.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၁၅,၅၆၆.၄ | ၃.၁ | ၂.၄ | ၁၂၂,၀၀၀.၄ | ၃.၁ | ၅.၆ |
| | ၆ | ကုန်သွယ်မှု | ၆၈၈,၄၃၀.၀ | ၁၈.၄ | ၂.၄ | ၇၂၄,၂၄၇.၇ | ၁၈.၆ | ၅.၂ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၃,၇၃၃,၂၁၀.၅ | ၁၀၀.၀ | ၁.၁ | ၃,၈၈၅,၅၆၆.၃ | ၁၀၀.၀ | ၄.၁ |

လျှို့ဝှက်

# မွန်ပြည်နယ်၏
# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
# ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# ( ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ( နှစ်ကုန်ခန့်မှန်းခြေ ) | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၁၃၃,၁၅၈.၃** | **၅၇.၂** | **၀.၃** | **၂,၁၉၉,၃၂၄.၈** | **၅၆.၆** | **၃.၁** |
| | ၁ | လယ်ယာ | ၇၅၈,၁၁၅.၂ | ၂၀.၃ | -၀.၁ | ၇၆၈,၅၀၂.၈ | ၁၉.၈ | ၁.၄ |
| | ၂ | သားငါး | ၂၄၇,၃၅၂.၂ | ၆.၆ | ၀.၅ | ၂၄၉,၈၆၄.၀ | ၆.၄ | ၁.၀ |
| | ၃ | သစ်တော | ၁,၇၂၅.၅ | ၀.၁ | -၉.၄ | ၁,၃၅၉.၇ | ၀.၀၃ | -၂၀.၂ |
| | ၄ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၄,၂၁၉.၃ | ၀.၄ | -၂.၉ | ၁၅,၀၇၉.၀ | ၀.၄ | ၆.၀ |
| | ၅ | စက်မှုလက်မှု | ၆၆၇,၅၆၃.၆ | ၁၇.၉ | ၇.၂ | ၇၀၀,၂၇၀.၇ | ၁၈.၀ | ၄.၉ |
| | ၆ | လျှပ်စစ်ဓာတ်အား | ၃၈,၆၆၇.၃ | ၁.၀ | ၀.၅ | ၄၃,၂၁၂.၆ | ၁.၁ | ၁၁.၈ |
| | ၇ | ဆောက်လုပ်မှု | ၄၀၅,၅၁၅.၂ | ၁၀.၉ | -၈.၇ | ၄၂၁,၀၃၆.၀ | ၁၀.၉ | ၃.၈ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၁၁,၆၂၀.၉** | **၂၄.၄** | **၂.၂** | **၉၆၁,၉၉၃.၈** | **၂၄.၈** | **၅.၅** |
| | ၁ | ပို့ဆောင်ရေး | ၆၁၂,၈၃၅.၀ | ၁၆.၄ | ၂.၆ | ၆၅၂,၆၆၉.၃ | ၁၆.၈ | ၆.၅ |
| | ၂ | ဆက်သွယ်ရေး | ၁၂၅,၅၈၈.၇ | ၃.၄ | ၀.၄ | ၁၂၈,၂၃၆.၉ | ၃.၃ | ၂.၁ |
| | ၃ | ငွေရေးကြေးရေး | ၉,၄၅၈.၃ | ၀.၂ | ၃.၃ | ၁၀,၃၇၂.၆ | ၀.၃ | ၉.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၈,၁၇၃.၅ | ၁.၃ | ၁.၀ | ၄၈,၇၁၄.၆ | ၁.၃ | ၁.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၁၅,၅၆၆.၄ | ၃.၁ | ၂.၄ | ၁၂၂,၀၀၀.၄ | ၃.၁ | ၅.၆ |
| ၃ | | ကုန်သွယ်မှု | ၆၈၈,၄၃၀.၉ | ၁၈.၄ | ၂.၄ | ၇၂၄,၂၄၇.၇ | ၁၈.၆ | ၅.၂ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၃,၇၃၃,၂၁၀.၂ | ၁၀၀.၀ | ၁.၁ | ၃,၈၈၅,၅၆၆.၃ | ၁၀၀.၀ | ၄.၁ |

လျှို့ဝှက်





# မွန်ပြည်နယ်၏
# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
# ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( နှစ်အလိုက်ဈေးနှုန်းအရ )

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | ( နှစ်ကုန်ခန့်မှန်းခြေ ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁,၂၅၅,၃၆၉.၇ | ၂၆.၄ | ၁,၃၃၈,၄၀၉.၁ | ၂၅.၇ | ၆.၆ |
| | ၁ | လယ်ယာ | ၉၃၇,၅၉၀.၉ | ၁၉.၇ | ၁,၀၀၀,၄၇၂.၄ | ၁၉.၂ | ၆.၇ |
| | ၂ | သားငါး | ၃၁၅,၅၄၅.၄ | ၆.၆ | ၃၃၆,၁၆၉.၇ | ၆.၅ | ၆.၅ |
| | ၃ | သစ်တော | ၂,၂၃၃.၄ | ၀.၁ | ၁,၇၆၇.၀ | ၀.၀၃ | -၂၀.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁,၅၅၇,၇၁၁.၇ | ၃၂.၈ | ၁,၇၁၅,၁၅၈.၃ | ၃၂.၉ | ၁၀.၁ |
| | ၁ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၅,၃၂၃.၇ | ၀.၃ | ၁၆,၆၀၂.၀ | ၀.၃ | ၈.၃ |
| | ၂ | စက်မှုလက်မှု | ၉၃၅,၈၉၁.၂ | ၁၉.၇ | ၁,၀၃၂,၄၆၁.၈ | ၁၉.၈ | ၁၀.၃ |
| | ၃ | လျှပ်စစ်ဓာတ်အား | ၅၁,၀၃၈.၂ | ၁.၁ | ၅၇,၄၆၅.၉ | ၁.၁ | ၁၂.၆ |
| | ၄ | ဆောက်လုပ်မှု | ၅၅၅,၄၅၈.၆ | ၁၁.၇ | ၆၀၈,၆၂၈.၆ | ၁၁.၇ | ၉.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁,၉၄၇,၈၂၀.၁ | ၄၀.၈ | ၂,၁၄၈,၈၁၃.၆ | ၄၁.၄ | ၁၀.၃ |
| | ၁ | ပို့ဆောင်ရေး | ၇၀၃,၇၄၀.၇ | ၁၄.၈ | ၇၈၈,၅၅၀.၅ | ၁၅.၂ | ၁၂.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၁၆,၂၈၆.၀ | ၂.၄ | ၁၁၈,၅၀၃.၂ | ၂.၃ | ၁.၉ |
| | ၃ | ငွေရေးကြေးရေး | ၉,၂၀၃.၀ | ၀.၂ | ၁၀,၀၉၂.၅ | ၀.၂ | ၉.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၅,၀၄၈.၆ | ၁.၁ | ၅၅,၆၄၂.၂ | ၁.၁ | ၁.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၄၇,၂၁၈.၉ | ၃.၁ | ၁၆၁,၅၅၇.၀ | ၃.၁ | ၉.၇ |
| | ၆ | ကုန်သွယ်မှု | ၉၁၆,၃၂၂.၉ | ၁၉.၂ | ၁,၀၁၄,၄၆၈.၂ | ၁၉.၅ | ၁၀.၇ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၄,၇၆၀,၉၀၁.၅ | ၁၀၀.၀ | ၅,၂၀၂,၃၈၁.၀ | ၁၀၀.၀ | ၉.၃ |

လျှို့ဝှက်

ပူးတွဲ - ၄

# မွန်ပြည်နယ်၏
# ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
# ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( နှစ်အလိုက်ဈေးနှုန်းအရ )

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ( နှစ်ကုန်ခန့်မှန်းခြေ ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၈၁၃,၀၈၁.၄** | **၅၉.၂** | **၃,၀၅၃,၅၆၇.၄** | **၅၈.၆** | **၈.၅** |
| | ၁ | လယ်ယာ | ၉၃၇,၅၉၀.၉ | ၁၉.၇ | ၁,၀၀၀,၄၇၂.၄ | ၁၉.၂ | ၆.၇ |
| | ၂ | သားငါး | ၃၁၅,၅၄၅.၄ | ၆.၆ | ၃၃၆,၁၆၉.၇ | ၆.၅ | ၆.၅ |
| | ၃ | သစ်တော | ၂,၂၃၃.၄ | ၀.၁ | ၁,၇၆၇.၀ | ၀.၀၃ | -၂၀.၉ |
| | ၄ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၅,၃၂၃.၇ | ၀.၃ | ၁၆,၆၀၂.၀ | ၀.၃ | ၈.၃ |
| | ၅ | စက်မှုလက်မှု | ၉၃၅,၈၉၁.၂ | ၁၉.၇ | ၁,၀၃၂,၄၆၁.၈ | ၁၉.၈ | ၁၀.၃ |
| | ၆ | လျှပ်စစ်ဓာတ်အား | ၅၁,၀၃၈.၂ | ၁.၁ | ၅၇,၄၆၅.၉ | ၁.၁ | ၁၂.၆ |
| | ၇ | ဆောက်လုပ်မှု | ၅၅၅,၄၅၈.၆ | ၁၁.၇ | ၆၀၈,၆၂၈.၆ | ၁၁.၇ | ၉.၆ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၀၃၁,၄၉၇.၂** | **၂၁.၆** | **၁,၁၃၄,၃၄၅.၄** | **၂၁.၉** | **၁၀.၀** |
| | ၁ | ပို့ဆောင်ရေး | ၇၀၃,၇၄၀.၇ | ၁၄.၈ | ၇၈၈,၅၅၀.၅ | ၁၅.၂ | ၁၂.၁ |
| | ၂ | ဆက်သွယ်ရေး | ၁၁၆,၂၈၆.၀ | ၂.၄ | ၁၁၈,၅၀၃.၂ | ၂.၃ | ၁.၉ |
| | ၃ | ငွေရေးကြေးရေး | ၉,၂၀၃.၀ | ၀.၂ | ၁၀,၀၉၂.၅ | ၀.၂ | ၉.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၅,၀၄၈.၆ | ၁.၁ | ၅၅,၆၄၂.၂ | ၁.၁ | ၁.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၄၇,၂၁၈.၉ | ၃.၁ | ၁၆၁,၅၅၇.၀ | ၃.၁ | ၉.၇ |
| ၃ | | **ကုန်သွယ်မှု** | **၉၁၆,၃၂၂.၉** | **၁၉.၂** | **၁,၀၁၄,၄၆၈.၂** | **၁၉.၅** | **၁၀.၇** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၄,၇၆၀,၉၀၁.၅** | **၁၀၀.၀** | **၅,၂၀၂,၃၈၁.၀** | **၁၀၀.၀** | **၉.၃** |